လူထုဗဟိုပြု စီမံကိန်း

# STEPPING TOGETHER IN DEVELOPMENT



# လူထုဗဟိုပြုစီမံကိန်း

လူထုဗဟိုပြုစီမံကိန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ဖြစ်သည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ ကျေးလက်နေလူထုအတွက် အဓိက ကျသော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထု ဗဟိုပြုချဉ်းကပ်နည်းဖြင့် အလွယ်တကူ ရယူအသုံးပြုနိုင်စေရန် ဖြစ်ပါသည်။ စီမံကိန်းကို ၂၀၁၃ ခုနှစ်ကတည်းက စတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၆၃ မြို့နယ်မှ ပြည်သူ လူထု ၇ သန်းကျော်အတွက် ထောက်ပံ့ပေးနိုင်ခဲ့သည်။

ပြည်သူလူထုကိုယ်တိုင် ရွေးချယ်၊ ကိုယ်တိုင် အကောင်အထည် ဖော်ဆောင်ရွက်၍ ကိုယ်တိုင်စောင့်ကြည့် စစ်ဆေးခွင့် ရရှိသော အခြေခံအဆောက်အအုံ ၂၁၇၀၀ ကျော် တည်ဆောက်ခဲ့ပြီးဖြစ်သည်။

စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်စဉ်က ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် စတင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ၊ အီတလီအစိုးရနှင့် ယူကေ နိုင်ငံတို့မှ နစ်ရှည် ချေးငွေနှင့် ထောက်ပံ့ငွေများနှင့်အတူ မြန်မာနိုင်ငံအစိုးရ၏ ထည့်ဝင်ငွေအပါအဝင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၄၆ သန်းခန့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။



> စီမံကိန်းစာအုပ်တွေ ဖတ်တော့ ဒီစီမံကိန်းကို သေသေချာချာလုပ်မယ်ဆိုရင် တို့တွေကို တိုးတက်မှုတွေ အများကြီး ဖြစ်စေတယ်ဆိုတာ သိလာတယ်။ ကိုယ်တိုင်လုပ်ရတော့ ပိုလုပ်တတ်လာတယ်၊ ပိုပြီးအမြင်ကျယ်လာတယ် နောက်နှစ်ကျရင်လည်း ဒီထက် ပိုကောင်းအောင် လုပ်ချင်တယ်။ သင်တန်းမှာ ထိထိရောက်ရောက် သင်ခဲ့ရတော့ အဒေါ်တို့ကော်မတီအားလုံးကလည်း သင်တဲ့အတိုင်း လိုက်နာ ဆောင်ရွက်ကြတယ်။ အဒေါ်ဆို သင်တန်းက ပြောတာတွေကို ဖုန်းလေးနဲ့အသံဖမ်းထားပြီး ပြန်နားထောင်တော့ စီမံကိန်းအကြောင်း ပိုပိုပြီးနားလည်လာတယ်။
>
> ဒေါ်မြကျင်၊ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင်၊ သမင်ကုန်းကျေးရွာ၊ ကော့မှူးမြို့နယ်။



# ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနား

နှစ်စဉ်ကျင်းပသည့် "ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနား" သည် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်စဉ် ကာလတစ်လျှောက်လုံး လိုက်နာ ကျင့်သုံးခဲ့သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံယူမှု၊ လေ့လာ သင်ယူမှုနှင့် လက်တွေ့ဘဝတွင် ပြန်လည်ကျင့်သုံးနိုင်မှု အလေ့ အထများအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးခြင်း ဖြစ်ပါသည်။

စီမံကိန်း တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်လာသည်နှင့် အမျှ မြန်မာနိုင်ငံတစ်ဝန်းရှိ တစ်ဦးတစ်ယောက်ချင်းစီသာမက အဖွဲ့ အစည်းများပါ ပိုမို ပါဝင်ခွင့် ရရှိလာပါသည်။ ပြည်ထောင်စုအဆင့် သုံးသပ် ဆွေးနွေးပွဲမကျင်းပမီ ကျေးရွာအဆင့် လူထုစည်းဝေးပွဲများ ကျင်းပခြင်း၊ မြို့နယ်အဆင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ လူထုစည်းရုံးရေးမှူးများ၊ နည်းပညာမှူး များနှင့် စီမံကိန်း၏ နည်းပညာအကြံပေးအတွက် ဖိုရမ်များ ကျင်းပခြင်း စသည်ဖြင့် ပါဝင်သူ အားလုံး၏ သဘောထားများကို အဆင့်လိုက် ဖော်ထုတ်ရယူ သုံးသပ်ပါသည်။


ယခုနှစ် ဆွေးနွေးပွဲအတွက် အခြေခံသည့် အချက်မှာ "ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်း" ဖြစ်ပါသည်။

"ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ် ဆွေးနွေးပွဲ အခမ်းအနား" ကို ၂၀၁၄ ခုနှစ်ကတည်းကစတင်ကျင်းပခဲ့ ပြီး နှစ်အလိုက် အခြေခံဆွေးနွေးခဲ့သည့် အချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | ပထမနှစ် (၂၀၁၄) | ဒုတိယနှစ် (၂၀၁၅) | တတိယနှစ် (၂၀၁၆) | စတုတ္ထနှစ် (၂၀၁၇) | ပဉ္စမနှစ် (၂၀၁၈) |
|---|---|---|---|---|---|
| နေ့စွဲ | ၁၈၊ ဩဂုတ် | ၂၅၊ ဩဂုတ် | ၁၅၊ စက်တင်ဘာ | ၂၁၊ စက်တင်ဘာ | ၅၊ အောက်တိုဘာ |
| အခြေခံ ဆွေးနွေးသည့် အချက် | လူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | လူထုဗဟိုပြုစီမံကိန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှု | ကျေးရွာလူထုအဆင့် တွင် ဒီမိုကရေစီ အလေ့အကျင့်များ ထွန်းကားလာစေရန် လေ့ကျင့် သင်ကြားပေးခြင်း | ကျေးရွာလူထု ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး | ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်း |

# အားလုံး အတူလက်တွဲဆောင်ရွက်ခွင့် ရရှိခြင်း

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်/တိုင်းဒေသ အားလုံးမည်သည့်ဒေသကိုမှချန်လှပ်မထားဘဲဒေသအားလုံးပါဝင်ခွင့် ရစေရေးအတွက် နည်းစနစ်တကျ သတ်မှတ်ဆောင်ရွက်ပါသည်။ မူလ စတင်အကောင်အထည်ဖော် ဆောင်ရွက်စဉ်က စီမံကိန်းမြို့နယ် ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်များတွင် "မြို့နယ်၏ တည်ငြိမ်အေးချမ်းမှု"သည်အခြေခံအချက်တစ်ချက်ဖြစ်ခဲ့သော်လည်း နောက်ပိုင်း စီမံကိန်းမြို့နယ် ရွေးချယ်ရာတွင် "မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကြီးကြပ်နိုင်ရန် အခြေခံတည်ငြိမ်အေးချမ်းမှုရှိခြင်း" ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် စီမံကိန်း အကောင်ထည်ဖော်သည့်မြို့နယ်များထဲမှ အချို့ မြို့နယ်များတွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အတူလက်တွဲ ဆောင်ရွက်ရသည့် မြို့နယ်များလည်း ပါရှိလာပါသည်။ (အဆိုပါ မြို့နယ်များကို မြေပုံတွင် အရောင်ရင့်ဖြင့် ပြထားသည်။)




| No. | Year | State/Region | Township's Name |
|---|---|---|---|
| 1 | Graduated (Year 1) | Chin | Kanpetlet |
| 2 | | Tanintharyi | Kyunsu |
| 3 | Year 1 | Shan | Namhsan |
| 4 | Year 2 | Ayeyarwady | Lemyethna |
| 5 | | Magway | Sidoktaya |
| 6 | | Nay Pyi Taw | Tatkon |
| 7 | | Rakhine | Ann |
| 8 | | Sagaing | Pinlebu |
| 9 | | Yangon | Htantabin |
| 10 | Year 3 | Ayeyarwady | Thabaung |
| 11 | | | Kyangin |
| 12 | | Bago | Monyo |
| 13 | | | Kyaukkyi |
| 14 | | Chin | Paletwa |
| 15 | | Kayah | Hpruso |
| 16 | | | Demoso |
| 17 | | Kayin | Kyainseikgyi |
| 18 | | Magway | Mindon |
| 19 | | Mandalay | Ngazun |
| 20 | | | Nyaung-U |
| 21 | | Mon | Chaungzon |
| 22 | | | Bilin |
| 23 | | Nay Pyi Taw | Lewe |
| 24 | | Sagaing | Myaung |
| 25 | | | Banmauk |
| 26 | | Tanintharyi | Tanintharyi |
| 27 | | Yangon | Kawhmu |
| 28 | Year 4 | Ayeyarwady | Ngapudaw |
| 29 | | Bago | Padaung |
| 30 | | Chin | Matupi |
| 31 | | Kachin | Mogaung |
| 32 | | Kayah | Bawlake |
| 33 | | | Hpasawng |
| 34 | | | Loikaw |
| 35 | | | Mese |
| 36 | | | Shadaw |
| 37 | | Magway | Pauk |
| 38 | | | Saw |
| 39 | | | Tilin |
| 40 | | Mandalay | Natogyi |
| 41 | | | Pyawbwe |
| 42 | | | Yamethin |
| 43 | | Mon | Paung |
| 44 | | Nay Pyi Taw | Pyinmana |
| 45 | | Shan | Hsihseng |
| 46 | | Yangon | Kungyangon |
| 47 | | | Kyauktan |
| 48 | Year 5 | Ayeyarwady | Danubyu |
| 49 | | | Ingapu |
| 50 | | Bago | Shwegyin |
| 51 | | | Thegon |
| 52 | | Chin | Tonzang |
| 53 | | Kachin | Puta-O |
| 54 | | | Shwegu |
| 55 | | Kayin | Hlaingbwe |
| 56 | | | Kawkareik |
| 57 | | Rakhine | Gwa |
| 58 | | | Ponnagyun |
| 59 | | Sagaing | Kani |
| 60 | | | Kyunhla |
| 61 | | Shan | Mabein |
| 62 | | | Mawkmai |
| 63 | | | Mongkhet |





တိုင်းရင်းသား အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရသည့် မြို့နယ်များအတွက် သီးခြားလုပ်ငန်းစဉ်များ ချမှတ်ထားပြီး စီမံကိန်း အစမှအဆုံး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ကြိုတင် ပြင်ဆင်မှုများလည်း လုပ်ဆောင်ရသည်။ စီမံကိန်းမှ တာဝန်ရှိသူများ ကလည်း အဆိုပါမြို့နယ်များသို့ သွားရောက်၍ တိုင်းရင်းသားအဖွဲ့များ နှင့် အကြိုတွေ့ဆုံ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်သည်။

တိုင်းရင်းသား အဖွဲ့အစည်းများကလည်း စီမံကိန်း ရည်ရွယ်ချက်ကို နားလည်သဘောပေါက်လာသည်နှင့်အမျှ စီမံကိန်း ဝန်ထမ်းများ သွားလာရေးနှင့် စည်းရုံးလုပ်ဆောင်ရာတွင်လည်း အဆင်ပြေစေရန် ၎င်းတို့ကိုယ်တိုင် ပါဝင်ကူညီပေးခဲ့သည်။ ထိုမျှမက စီမံကိန်း အကောင်အထည်ဖော်ပြီးသည့်နောက် လူထုစစ်ဆေးပွဲများ ကျင်းပရာတွင်လည်း စီမံကိန်းဝန်ထမ်းများအား ပံ့ပိုး ကူညီပေးကြသည်။

အချို့စီမံကိန်း မြို့နယ်များတွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ကာလအတွင်း ဒေသတွင်း ပဋိပက္ခများ ပေါ်ပေါက် လာပါကလည်း ကျေးရွာလူထု၏ သဘောထားကို ရယူ၍ အချိန် ကာလတစ်ခုအထိ ခေတ္တဆိုင်းငံ့ထားပေးပြီးအကောင်အထည်ဖော်ရန် အဆင်သင့် ဖြစ်သည်နှင့် ချက်ချင်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားသည့်အတွက် ဆုံးရှုံးမှုမရှိစေဘဲ စီမံကိန်း၏ အကျိုးခံစားခွင့် အပြည့်အဝ ရရှိစေသည်။

ထိုသို့ တိုင်းရင်းသား အဖွဲ့အစည်းများ အတူလက်တွဲ ညှိနှိုင်း ဆောင်ရွက်ခွင့်ရသည့်အတွက် ကျေးရွာပြည်သူလူထုအနေဖြင့်လည်း စီမံကိန်းနှင့် ပတ်သက်သည့် အစည်းအဝေးများ ကျင်းပရာတွင် လူတိုင်း ပူးပေါင်းပါဝင်လာခြင်း၊ ကျေးရွာအတွက် လိုအပ်သည့် စီမံကိန်း လုပ်ငန်းခွဲ ရွေးချယ်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမည့် အခြေခံ အဆောက်အဦများ ရွေးချယ် တည်ဆောက်ခွင့်ရလာခြင်း၊ အထူး သဖြင့် အဆိုပါဒေသရှိ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ သဘော ထား အမြင်များကို ရဲဝံ့စွာ ဖော်ထုတ်ပြောဆိုလာနိုင်ခြင်း စသည့် ပြောင်းလဲတိုးတက်မှုများ ခံစားခွင့်ရလာသည်။

တခြားတစ်ဖက်တွင်လည်း စီမံကိန်းအောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် မိတ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲ ဆောင်ရွက်ပါသည်။ ပြည်ထောင်စုအဆင့်တွင် နည်းပညာ အကြံပေး များ ခန့်အပ်ထားခြင်း၊ မြို့နယ်အဆင့်တွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား နည်းပညာ အထောက် အကူပြုအဖွဲ့များအဖြစ် ခန့်အပ်ခြင်းဖြင့် ၎င်းတို့က ကျေးလက် ဦးစီး ဌာနနှင့်အတူ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ လူထုအားလုံး ပါဝင်လာစေရန် စည်းရုံး ခြင်းများ ဆောင်ရွက်ကြသည်။

စီမံကိန်းလုပ်ငန်းခွဲများအတည်ပြုရန် မြို့နယ်စီမံကိန်းရေးဆွဲရေး နှင့် အထောက်အကူပြုရေး ကော်မတီနှင့်လည်း ပူးပေါင်းဆောင်ရွက် လျက်ရှိပြီး ကျေးရွာအဆင့် လူထုစစ်ဆေးပွဲများ၊ သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲများအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များ ရယူနိုင်ရန် ဒေသတွင်း လူမှုအဖွဲ့အစည်းများနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

> ကျွန်မက စီမံကိန်း ပထမနှစ်စက်ဝန်းကစပြီး တတိယနှစ် စက်ဝန်းအထိ စီမံကိန်းအကောင်အထည်ဖော်ရာမှာ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းက ပို့ချပေးတဲ့ သင်တန်းတွေ လုပ်ငန်းခွင် အတွေ့အကြုံတွေ ရလာပြီးနောက်ပိုင်းမှာ လူထုစည်းရုံးရေးမှူး လစ်လပ်ရာထူးခေါ်တော့ စိတ်ပါဝင်စားစွာနဲ့ အလုပ်လျှောက်ဖြစ်ခဲ့ပြီး စီမံကိန်းဝန်ထမ်း ဖြစ်လာပါတယ်။
>
> ဒေါ်ထက်ထက်အောင်၊ လူထုစည်းရုံးရေးမှူး၊ စေတုတ္တရာမြို့နယ်။

အတူတကွ ရေးဆွဲကာ
အကောင်အထည် ဖော်နိုင်ခဲ့သည့်
စီမံကိန်းခွဲပေါင်း
၂၀,၆၄၃

လုပ်ခရသည့်ရက်ပေါင်း
၄,၃၉၅,၆၂၄
ရက် ရွာသူရွာသားများအတွက်
ဖန်တီးပေးနိုင်ခဲ့သည်။

ဒေသခံများ၏
၉၂%
ကျော်က အလွန်ကျေနပ်သည့်
အဆင့်တွင်ရှိသည်ဟု ပြောဆိုခဲ့ကြသည်။

ကျန်းမာရေး အဆောက်အအုံများ
၉၅

မီးလင်းရေးလုပ်ငန်းပေါင်း
၁,၄၅၃

ရေပေးရေးလုပ်ငန်းပေါင်း
၃,၃၃၆

အခြားလုပ်ငန်းပေါင်း
၆၃၅

ကျေးရွာချင်းဆက်လမ်း၊ ခြေလျင်
သွားလာနိုင်သည့်လမ်းနှင့် တံတားများ
၁၁,၃၇၀


စာသင်ကျောင်း တည်ဆောက်ခြင်း၊
ပြန်လည်မွမ်းမံခြင်း
၃,၄၃၃







# ငွေကြေး ခွဲဝေသုံးစွဲခြင်း

စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အပိုင်း ငါးပိုင်း ပါဝင်သည်။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကို ကျေးရွာအုပ်စု ငွေစာရင်းသို့ တိုက်ရိုက် လွှဲပြောင်းပေးအပ်သည်။ အခြား အပိုင်း လေးပိုင်းမှာ ကူညီထောက်ပံ့မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာနှင့် လေ့လာသင်ယူခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှု အထောက်အကူပြုခြင်းနှင့် အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ခြင်းတို့ ဖြစ်သည်။ ငွေကြေးသုံးစွဲမှု အခြေအနေများကို နှစ်အလိုက်၊ အပိုင်းတစ်ပိုင်းချင်းအလိုက် ပုံတွင် သီးခြားစီ ခွဲခြားဖော်ပြထားသည်။




| လုပ်ငန်းခွဲ | ၅ နှစ်တာ စုစုပေါင်း | ပဥ္စမနှစ် |
|---|---|---|
| လမ်း/တံတား | ၁၁၃၇၀ | ၃၉၆၇ |
| ရေပေးရေး | ၃၃၃၆ | ၆၄၉ |
| မီးလင်းရေး | ၁၄၅၃ | ၅၈၅ |
| ကျောင်း | ၃၄၃၃ | ၈၈၇ |
| ဆေးပေးခန်း | ၉၅ | ၂၅ |
| ခန်းမဆောင် | ၁၁၈၈ | ၅၅၇ |
| စာကြည့်တိုက် | ၁၂၂ | ၃၇ |
| အိမ်သာ | ၉၉ | ၃၂ |
| ဈေး | ၉ | ၅ |
| အခြား | ၆၃၅ | ၂၈၉ |
| စုစုပေါင်း | ၂၁၇၄၀ | ၇၀၃၃ |







# စီမံကိန်း အသီးအပွင့်များ

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ငါးနှစ်တိတိရှိပြီ ဖြစ်ပါသည်။

စီမံကိန်းစက်ဝန်း တစ်ပတ်လည်၍ တစ်နှစ်တာကာလ ပြီးဆုံးသည်နှင့် ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်တစ်ဆင့်ချင်းစီတွင် စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေများကို ပြန်လည်ဆန်းစစ်သည့် အခမ်းအနားများ ပြုလုပ်ခဲ့ကြပြီး အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်တင်ပြခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် ကောင်းသည်ထက် ကောင်းအောင် ပြင်ဆင် ဖြည့်စွက်ခဲ့ကြသည်။

စီမံကိန်း အကောင်အထည်ဖော်သည့်သက်တမ်း ရှည်ကြာလာသည်နှင့်အမျှ အတွေ့အကြုံများ တိုးပွားလာသည့်အပြင် အရည်အသွေးပိုင်းတွင်လည်း ပိုမိုတိုးတက်လာစေရန် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သူများသာမက ကျေးရွာလူထုကပါ အတူတကွ ကြိုးပမ်း အားထုတ်ခဲ့ကြပါသည်။။

သိသာ ထင်ရှားသည့် အကျိုးကျေးဇူးများမှာ ဒေသတွင်း လိုအပ်နေသည့် အခြေခံအဆောက်အဦးများ ရရှိခြင်းဖြစ်ပြီး ကျေးရွာချင်းဆက် လမ်းတံတားများ၊ စာကြည့်တိုက်များ၊ ကျေးလက်ဆေးပေးခန်းများ၊ ကျောင်းများ၊ ကျေးရွာခန်းမများ၊ ရေပေးရေးစနစ်များ၊ လျှပ်စစ်မီးများနှင့် အခြား အခြေခံ အဆောက်အဦများစွာ ပါဝင်ပါသည်။

အဆိုပါ အခြေခံအဆောက်အဦများ ရရှိလိုက်ခြင်း၏ နောက်ဆက်တွဲ အကျိုးကျေးဇူးများအနေဖြင့် ကုန်ကျစရိတ်သက်သာခြင်း ဥပမာ - အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းနိုင်သည့်အတွက်

> ဒီလောက်ကောင်းတဲ့အခြေအနေကို အန်တီတို့ဆုံးရှုံးမှာ ကြောက်တယ်။ အန်တီတို့ရေကော်မတီဖွဲ့လိုက်ပြီး လစဉ်ရေမီတာခတွေ လိုက်ကောက်တယ် ။ သုံးမရအောင်ပျက်စီးမှ ပြင်တာမျိုးမလုပ်ဘဲ ပုံမှန်ပိုက်လိုင်းတွေစစ်ဆေးတယ် စက်တွေစစ်ဆေးတယ် ချက်ချင်းပျက်တာနဲ့ချက်ချင်းပြင်တာမျိုးတွေလုပ်တယ် ။ ပေးတဲ့သူက ပေးခဲ့ပြီးပြီး ဒါကိုထိန်းသိမ်းဖို့ကတော့ အန်တီတို့ရွာသူရွာသားတွေမှာ တာဝန်အပြည့်ရှိတယ်လို့ အန်တီထင်တယ်။
>
> ဒေါ်ခင်ခင်ဌေး၊ ကွမ်သဲကျေးရွာ၊ ချောင်းဆုံမြို့နယ်။





ရေအတွက် အပိုကုန်ကျစရိတ်များ သက်သာသွားခြင်း၊ ယခင် ဖယောင်းတိုင်မီး၊ ဘက်ထရီမီးများဖြင့် စာကြည့်ခဲ့ရသော ကျောင်းသူကျောင်းသားများအနေဖြင့်လည်း ကျေးရွာတွင်း လျှပ်စစ်မီး ရရှိသည့်အတွက် နေ့ညမရွေး စာကြည့်နိုင်ခြင်း၊ ယခင် သောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာများတွင် စီမံကိန်းက တူးဖော်ခဲ့သည့် စက်ရေတွင်းများကြောင့် သောက်သုံးရေအတွက် ပူပန်စရာ မလိုတော့ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိလာသည်။

ထို့အပြင် စီမံကိန်း အကောင်အထည်ဖော်သည့် ဒေသအတွင်းရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ စီမံကိန်း ကော်မတီဝင်များအနေဖြင့်လည်း ကိုယ့်ကိုကိုယ်ယုံကြည်မှုရရှိလာပြီး ဘဝရပ်တည်ရေးတွင် တစ်ဖက်တစ်လမ်းမှ ကြိုးစားခွင့် ပိုရလာသည်။ လမ်းပန်း ဆက်သွယ်ရေး ပိုမို ကောင်းမွန်လာသည့်အတွက် ကုန်ပစ္စည်း ရောင်းချသူများအနေဖြင့် သယ်ယူစရိတ် သက်သာလာခြင်း၊ ရာသီပေါ် သီးနှံများကို အချိန်မီ ရောင်းချခွင့်ရရှိခြင်း စသည့် သွယ်ဝိုက်အကျိုးကျေးဇူးများလည်း ခံစားရသည်။ တခြားတစ်ဖက်တွင်လည်း စီမံကိန်း အကောင်အထည်ဖော်ရာတွင် နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်ရသည့်အတွက် အဆိုပါအလေ့အကျင့်များကို နေ့စဉ် လူနေမှုဘဝတွင် ပြန်လည်အသုံးချလာနိုင်စေသည်။ ဥပမာအနေဖြင့် လူထုဗဟိုပြုစီမံကိန်းတွင် သင်ကြားရသည့် ငွေစာရင်းသွင်းခြင်း နည်းစနစ်များ၊ ဝယ်ယူရေးနည်းစနစ်များကိုကို မိမိအိမ်ထောင်စု၏ လုပ်ငန်းဆောင်တာများသို့မဟုတ် ရပ်ရွာရှိ အလားတူလုပ်ငန်းများတွင်လည်း ပြန်လည်အသုံးချနိုင်လာသည်။

ထို့ပြင် စုပေါင်း အလုပ်လုပ်တတ်လာသကဲ့သို့ ဆုံးဖြတ်ချက်များကိုလည်း အတူတကွ ချမှတ်လာနိုင်သည်။ အများဆန္ဒကို နားထောင်တတ်လာခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အပြန်အလှန်ညှိနှိုင်းခြင်း စသည့် အလေ့အကျင့်ကောင်းများ ရရှိလာသည်။

စီမံကိန်းတွင် လိုက်နာဆောင်ရွက်ရသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အစီအမံများကြောင့် မိမိတို့ ရပ်ရွာ ပတ်ဝန်းကျင် အတွက်သာမက ဒေသတွင်းတစ်ခုလုံး၏ သဘာဝပတ်ဝန်းကျင်အရေးကိုပါ ထည့်သွင်းစဉ်းစားတတ်လာပြီး တန်ဖိုးထား စောင့်ရှောက်တတ်လာသည်။







ကျေးရွာတွင်းကွန်ကရစ်လမ်း၊ မွာလ်ကျေးရွာ၊ တီတွမ်းကျေးရွာအုပ်စု၊ တွန်းဇံမြို့နယ်

# လွတ်လပ်စွာ ဝေဖန်အကြံပြုနိုင်သည့် အခွင့်အရေး


လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရသကဲ့သို့ စောင့်ကြည့်ကြီးကြပ်ခြင်း၊ပြုလုပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ရသည်။ ထို့ကဲ့သို့ လုပ်ငန်းစဉ်အားလုံးကို ကျေးရွာလူထုကိုယ်တိုင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မကျေနပ်မှု တစ်စုံတစ်ရာ ရှိလာပါကလည်း လွတ်လပ်စွာ ဖော်ထုတ်နိုင်စေရန် ဝေဖန်အကြံပြုနိုင်သည့် နည်းလမ်းများ ပံ့ပိုးပေးထားသည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်စဉ် ဝေဖန်အကြံပြုစာပေါင်း ၂၁၀၀၀ ကျော် လက်ခံရရှိခဲ့ပြီး ၉၉ ရာခိုင်နှုန်းကို ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။

ဝေဖန်အကြံပြုနည်းလမ်းများဟု ဆိုသော်လည်း အကြောင်းအရာအမျိုးမျိုး ပါဝင်ပါသည်။ လက်ခံရရှိသည့် ဝေဖန်အကြံပြုချက်များတွင် ရန်ပုံငွေ အလွဲသုံးစား လုပ်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လွဲချော်ခြင်းနှင့် စာချုပ်စာတမ်းဖောက်ဖျက်ခြင်းတို့ ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ အနည်းငယ် လက်ခံရရှိခဲ့ပြီး ကျေးဇူးတင်ကြောင်း ရေးသား ပေးပို့ခြင်း၊ လိုအပ်ချက်များ ပြင်ဆင်ရန် အကြံပြုချက်များ အများဆုံး လက်ခံရရှိပါသည်။ စီမံကိန်း လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သည့် အကြံပြုချက်များလည်း ပေးပို့ကြသည်။

စီမံကိန်း အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်ရသည့်အပြင် ကျေနပ်မှုမရှိပါက အလွယ်တကူ ပြောဆိုခွင့်ရသည့်အတွက် အချင်းချင်း သံသယစိတ်များ မရှိတော့ဘဲ တာဝန်ယူ ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ တိုးပွားလာစေသည်။

"အရင်ကဆို အခုလို ကျေးရွာလေးမှာ စည်းစည်းရုံးရုံးနဲ့ အလုပ်လုပ်ဖို့ အလေ့အကျင့် မရှိခဲ့ကြဘူး။ ရွာလမ်းပျက်လို့ လူလေး ငါးယောက်လောက် စုပြီး ပြင်မယ်ဆိုတာတောင် သို့လောသို့လော တွေးကြတယ်။ ခုတော့ ဘာပဲလုပ်လုပ် ပွင့်လင်းမြင်သာတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်တဲ့အပြင် မကျေနပ်လို့ မေးမြန်းချင်ရင်လည်း စိတ်ကြိုက် ဖော်ထုတ်မေးမြန်းခွင့်ရလာလို့ ကျေးရွာဖွံ့ဖြိုးရေးဆိုတာ နားလည်သွားပြီ။ သီးသန့် စည်းရုံးစရာတောင် မလိုတော့ဘူး။ ဒါ စီမံကိန်းက ရလိုက်တဲ့ အကျိုးအမြတ်ပဲ"ဟု သာပေါင်းမြို့နယ်၊ ရွှေရင်မျော်ကျေးရွာမှ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်က ၎င်း၏ အတွေ့အကြုံကို ပြောပြခဲ့သည်။

> " ရွာမှာလည်း အကြံပြုစာတိုက်ပုံး ထားပေးထားတဲ့အပြင် တယ်လီဖုန်းနဲ့ရော လူကိုယ်တိုင်ရော တိုင်နိုင်တဲ့အကြောင်း ကျေးရွာ အစည်းအဝေးမှာလည်း အားလုံးသိအောင် ပြောပြတယ်။ အစပိုင်းမှာ သေချာ မသိကြသေးတော့ နေပြည်တော် အဆင့်အထိ တိုင်ကြတာတွေ ရှိဖူးတယ်။ ကိုယ်လည်း မှန်တာလုပ်ရဲ့သားနဲ့ အတိုင်ခံရတယ်ဆိုပြီး စိတ်မကောင်းဖြစ်မိတာပေါ့။ ဒါပေမယ့် နောက်ပိုင်း အားလုံးကို အစည်းအဝေးတွေဖိတ်ပြီး သေချာ ရှင်းပြတယ်။ စာရင်းဇယားတွေကိုလည်း အများမြင်သာအောင် ကြော်ငြာသင်ပုန်းမှာ ကပ်ပေးထားတော့ ကျေးရွာရဲ့ ယုံကြည်မှု ပိုရလာတယ်။ စီမံကိန်း ကော်မတီဝင်တွေ အနေနဲ့လည်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်နဲ့ ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရလာတယ်။ "
>
> ဦးမြင့်ဝင်း၊ ကျေးရွာ စီမံကိန်းအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ ကေသဝတီကျေးရွာ၊ ဘီးလင်းမြို့နယ်။



# ကျား-မ တန်းတူ ပါဝင်ခွင့်



**ဒေါ်ဝင်းဝင်းချို၊ ဝယ်ယူရေးဆပ်ကော်မတီဝင်၊**
**တယ်ဇားအုပ်စု၊ တယ်ဇားကျေးရွာ၊ စေတုတ္တရာမြို့နယ်။**

အရင်ကဆို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ မပါခဲ့ဘူး။ အမျိုးသမီးတွေက ဘယ်ကဏ္ဍတွေကနေ ပါဝင်ရမလဲဆိုလည်း ဂဃနဏ မသိခဲ့ကြဘူး။ ဒါကြောင့်လည်း အရင်က ဖွံ့ဖြိုးရေး စီမံကိန်းတွေမှာ အမျိုးသမီးတွေရဲ့ ပူးပေါင်းပါဝင်မှု အားနည်းခဲ့ကြတယ်။

အခုဆိုရင် ကျွန်မကိုယ်တိုင် ကော်မတီဝင်ဖြစ်လာတော့ အစည်းအဝေးတွေ တက်ရတယ်၊ စီမံကိန်း လုပ်ငန်းခွဲ ရွေးချယ်တဲ့အခါမှာလည်း ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရတော့ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာတယ်။

အခုနောက်ပိုင်း ကျေးရွာမှာ ဘာကိစ္စအတွက်ပဲဖြစ်ဖြစ် အဖွဲ့ဖွဲ့တဲ့အခါမှာ အမျိုးသမီးတွေ ပါဝင်ခွင့်ရအောင် ထည့်သွင်းစဉ်းစားလာတယ်။ ကျေးရွာမှာ အဓိကဖြစ်တဲ့ အုပ်ချုပ်ရေး အဖွဲ့မှာလည်း အမျိုးသမီးတွေ ပါလာကြတယ်။ ကျွန်မတို့ တယ်ဇားကျေးရွာမှာ ကျေးရွာအုပ်ချုပ်ရေးပိုင်းမှာရော ရပ်ရွာဖွံ့ဖြိုးရေးအပိုင်းမှာပါ အမျိုးသမီး၊ အမျိုးသားများ အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့်ရတဲ့စနစ် ကျင့်သုံးလာကြပါတယ်

> "ကျွန်တော့်အိမ်မှာဆို လက်လုပ်မုန့်ရောင်းတယ်၊ မနက်ဆို လင်မယားနှစ်ယောက်အတူ မုန့်လုပ်တယ်။ မိန်းမက မုန့်ရောင်းထွက်တယ်၊ ကျနော်က ထမင်းအိုးတည်၊ အဝတ်လျှော် စတဲ့ အိမ်အလုပ်ကို လုပ်တယ်။ မိန်းမဈေးရောင်းပြန်လာတော့ ကျွန်တော် အခြားအလုပ် ဥပမာ နေ့စားတောင်ယာလုပ်ပေ့ါ အဲဒါမျိုး လုပ်တယ်။ ပြောပြချင်တာက ယောကျ်ား မိန်းမရယ်လို့ မခွဲခြားဘဲ ကျွန်တော်တို့နှစ်ယောက်စလုံး မိသားစုအတွက် အတူ ကြိုးစား အလုပ်လုပ်ကြတယ်။
>
> **ဦးအောင်ရဲလင်း၊ ဝေဖန်အကြံပြုကော်မတီဝင်၊ မယ်ဆည်နမ်ကျေးရွာ၊**
> **မယ်ဆည်နမ်ကျေးရွာအုပ်စု၊ မယ်စဲ့မြို့နယ်။**

**ဒေါ်နနု၊ စီ/ထောက်ဥက္ကဋ္ဌ၊**
**ပေါက်မြိုင်အုပ်စု၊ အောင်သုခကျေးရွာ၊ လယ်ဝေးမြို့နယ်။**

အရင်က အမျိုးသမီးတွေဆိုရင် ကလေးထိန်းမယ်။ အိမ်အလုပ်တွေလုပ်ရမယ်။ ထမင်းဟင်းချက်၊ အဝတ်လျှော်၊ ဒါတွေပဲ သိတာလေ။ ဒီစီမံကိန်းမှာ ကျား-မတန်းတူ အခွင့်အရေးတွေ အကြောင်း သိရှိခွင့်ရလာပြီး အမျိုးသမီးတွေလည်း တာဝန်ပေးရင် ကျရာလုပ်ငန်းတာဝန်ကို အပြည့်အဝ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာ လက်ခံလာကြတယ်။ အမျိုးသမီးတွေရဲ့ ဆွေးနွေးတင်ပြမှုတွေကိုလည်း လက်ခံလာကြတယ်။

အရင်က ရုံးတွေ၊ ဘဏ်တွေဆို သိပ်မသွားတတ်ခဲ့ဘူး။ ခုဆိုရင် သွားရဲလာရဲ ပြောရဲဆိုရဲ ဖြစ်လာတယ်။ ကျွန်မတို့ အမျိုးသသမီးတွေအနေနဲ့ အရင်ထက်စာရင် အများကြီး ပြောင်းလဲလာတယ်လို့ ခံစားရတယ်။ ကျေလည်း ကျေနပ်မိတယ်။ ကိုယ့်ရပ်ရွာ ဖွံ့ဖြိုးရေးအတွက် တာဝန်ယူရတာဖြစ်လို့ လူထုက နောက်တစ်ကြိမ် ထပ်မံ ရွေးချယ်ဦးမယ်ဆိုရင် ဆက်လက် တာဝန်ထမ်းဆောင်ဦးမှာပါ။ ကျား-မတန်းတူ အခွင့်အရေးရတဲ့အတွက် ကျေးဇူးတင်ပါတယ်။



“ ကျွန်တော်တို့ကိုယ်တိုင် မဆန်းစစ်ဖူးတဲ့ ကျေးရွာ အခက်အခဲတွေကို စီမံကိန်းကြောင့် ဆန်းစစ်တတ်လာတယ်။ ဘာသာ၊ လူမျိုးမတူညီတဲ့ တိုင်းရင်းသားတွေ အားလုံး ပူးပေါင်းပါဝင်ပြီး စီမံကိန်းအတွက် အလုပ်လုပ်ခဲ့ကြတယ်။ စီမံကိန်းပြီးသွားရင်တောင် ကိုယ့်ရပ်ရွာအတွက် အားလုံး ပူးပေါင်းပါဝင်အလုပ်လုပ်ရမယ်လို့ ခံယူထားတယ်။ ”



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ် (၃၆)၊ လူထုဗဟိုပြုစီမံကိန်းရုံး၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။
www.cdd.drdmyanmar.org, www.ncddmis.com
cdd.drdmyanmar@gmail.com, Facebook:@ncddpmyanmar